
mgyoe.com
SAMPLE BOOK




# တစ်ခါက အဝါရောင်ဘူတာ

ဂျူလိုင်ကျော်မင်း

mgyoe.com

mgyoe.com SAMPLE BOOK



" ကျွန်တော်ဟာ ဘူတာငယ်လေးတစ်ခုပါပဲ။
ကျွန်တော့်ဘူတာမှာ ရပ်တန့်ခွင့်မရနိုင်တော့တဲ့
ရထားငယ်လေးဟာ ဝါထွေးပေါ့။
ချစ်ခြင်းမေတ္တာကိုပဲမှီပြီး ခပ်ယဲ့ယဲ့လေး တောင့်မျှော်နေပေမယ့်
အချိန်နဲ့ ကံကြမ္မာဟာ လွဲစေဖို့ အကြောင်းဖန်လာတဲ့အခါ
ကျွန်တော် ပြိုလဲကျပြီး ကျန်ရစ်ရတဲ့သူသာ ဖြစ်ခဲ့ရတာပါပဲ "

တစ်ခါကအဝါရောင်ဘူတာ-ဂျူလိုင်ကျော်မင်း
9 782024 000792

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၇၉)

# ပုံနှိပ်မှတ်တမ်း



## ဂျူလိုင်ကျော်မင်း

## တစ်ခါက အဝါရောင်ဘူတာ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ မတ်လ
မျက်နှာဖုံးဒီဇိုင်း ♦ **Ancient**
အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း
ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀
စာအုပ်တန်ဖိုး ♦ ၄၅၀၀ ကျပ်
ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။
ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ဂျူလိုင်ကျော်မင်း
တစ်ခါက အဝါရောင်ဘူတာ / ဂျူလိုင်ကျော်မင်း။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၁၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၇၉) တစ်ခါက အဝါရောင်ဘူတာ

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ထွက်ခွာတဲ့သူတွေ ဆိုက်ရောက်တဲ့သူတွေကို ဆုံစည်းစေတဲ့ ဘူတာငယ်လေးတွေကို ကျွန်မ ချစ်ပါတယ်။

အဝါရောင် ဘူတာလေးထဲက ဘူတာငယ်လေးမှာ ကျွန်မငယ်ဘဝရဲ့ မွှေးရနံ့တွေလည်း ရှိခဲ့ပါတယ်။ အဘွားနဲ့အတူ အမေနဲ့အတူ အစ်ကိုတွေ၊ အစ်မတွေနဲ့အတူ စီးနင်းခဲ့ဘူးတဲ့ ရထားခရီးစဉ်ဟာ အဝါရောင် ဘူတာလေးမှာ ခရီးဆုံးပြီးတော့ နတ်ဒိုးသံ ကြိုင်ကြိုင်ဆူနေတဲ့ တောင်ပြုန်းပွဲတော်ဟာ စည်ကားလှပစွာ အမြဲစီးလို့ ကြိုပါတယ်။

အရွယ်တစ်ခု ရလာတော့ ကောင်းမွန်လှပပြီး သန့်ရှင်းလွန်းတဲ့ ရထားမျိုးစုံကို စီးနင်းခဲ့ဖူးသည့်တိုင် အညာနွေပူပူက ရထားနဲ့ ဘူတာငယ်တွေကိုတော့ ကျွန်မ မမေ့နိုင်ခဲ့ပါ။ ဒေသရဲ့ မွှေးရနံ့တွေဟာ အမြဲလို လွမ်းဆွတ်တမ်းတစေတာပဲ မဟုတ်လား။ ကျွန်မရဲ့ အဝါရောင် ဘူတာဟာ အညာကျေးလက်ရဲ့ တခြား ဘူတာငယ်လေးတွေလိုပါပဲ။ လေအဝှေ့မှာ ဖုန်လုံးတွေက ခပ်ထူထူ ကြွေလုလု သစ်ရွက်ခြောက်နဲ့ သစ်ပင်အိုတွေ ဝန်းရံထားပြီး ယိုင်နဲ့နဲ့ အဖြူရောင် ဆိုင်းဘုတ်ပြားပေါ် နာမည်လေးသာ ရေးခြယ်ထားတဲ့ မခမ်းနားတဲ့ ဘူတာလေးတစ်ခုပါပဲ။

အချစ်ရဆုံး အနှစ်သက်ဆုံးဆိုတာ ခမ်းနားနေဖို့ မလိုပါဘူး စိတ်ဝိညာဉ်သာတွယ် ငြိနေဖို့ပဲလိုတာ မဟုတ်လား။ လမ်းခရီးတစ်လျှောက်က ဗေဒါအခင်းတွေ၊

mgyoe.com

mgyoe.com SAMPLE BOOK

စပါးအခင်းတွေကို ဖြတ်ကျော်ရင်း အဝေးက ရှမ်းတောင်တန်းကြီးတွေကို အခါခါ ငေးရင်း စိမ်းညို့ညို့ သစ်ပင်တန်းတွေကို ထိတွေ့ရင်း လဝါဆိုရဲ့ ဝါဆိုများစွာကို ကျော်ဖြတ်ရင်း မိဘဘိုးဘွား သူငယ်ချင်းတို့နဲ့ တပျော်တပါး သွားခဲ့ရတဲ့ ဒီခရီးစဉ်တွေဟာ ကျွန်မအတွက်တော့ အမြဲလို လွမ်းမောပျော်ရွှင်စရာ အတိတ်ရုပ်ဝန်း ပါပဲ။

သည်ဝတ္ထုလေးအခြေခံရာ မတ္တရာမြို့ဟာ သမိုင်းတွေပြည့်နှက်နေတဲ့ ဒေသတစ်ခုပါပဲ။ သရဖီပန်းတွေ မွှေးမြနေအောင်ပွင့်တဲ့ သခင်မတောင်တော်။ ဘုရားဆင်းတုတော်တွေ ထုဆစ်ပြီး လှုပအချိုးကြတဲ့ လက်ရာတွေ ထွက်ပေါ်လာတဲ့ စကျင်တောင်။ သမိုင်းတွေ ပြည့်နှက်နေတဲ့ မတ္တရာမြို့ဟောင်း။ အကြီးကျယ် အခမ်းနားဆုံးသော ရိုးရာနတ်ပွဲတော် ကျင်းပရာ တောင်ပြုန်းပွဲတော်ဟာ အမြဲလို တောက်ပ စည်ကားနေခဲ့တာပါပဲ။

တစ်နှစ်မှာ တစ်ရက်သာ ကျင်းပသည့် အိုးပုတ်ပွဲတော်၊ မန္တလေးမြို့ရဲ့ ၁၂ ရာသီပွဲတော်တွေ၊ မတ္တရာမြို့မှာ နေထိုင်ဖူးသည့် ကျွန်မရဲ့ငယ်ဘဝတွေကို လွမ်းမောရင်း ကြိုးစားရေးဖွဲ့ထားသည့် တစ်ခါက အဝါရောင်ဘူတာ သုတရသ ဝတ္ထုရှည်မှာ လစ်ဟာမှု၊ လိုအပ်မှုများပါလျှင်လည်း ခွင့်လွှတ်နားလည်ပေးပါလို့ တောင်းဆိုရင်း စာဖတ်သူများကို အမြဲကျေးဇူးတင်စွာဖြင့်. . . ။

ဂျူလိုင်ကျော်မင်း

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း | ၃

---

# တစ်ခါက ၁၉၉၀ ပြည့်နှစ်
## လွှန်တောင်းရွာ

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

"အို့ တောင်ပြုံးခေါ် ပွဲတော်ကြီးနီးလာပြီ... လာ...ကို မြို့မ ကျွန်မနဲ့တွဲသွားပါရစေ၊ အိုးနောက်ကနေ ...ဟော့ယောက်ဖရေ ခေါ် နေပြီ...ပျိုသည်းညည်းခံ သည်းညည်းခံ ထုံးစံပါအတည်"

အဘက ရေဒီယိုလေးကို လိုင်းဖမ်းရင်း ဟိန်းထွက်လာသော အသံသည် အိပ်မောကျနေသော ဝါထွေးနှင့်အမေကြီးကို နိုးလိုက်သလိုမို့ ကြည်ကြည်သာသာပဲ ခပ်မြန်မြန် ထလိုက်တော့သည်။ "၄ နာရီခွဲထရန်" ဟု ပေးထားသော နှိုးစက်က မမြည်သေးပေမဲ့ "အောက်အီးအီးအွတ်" ဆိုသော ကြက်တွန်သံကိုတော့ ခပ်သဲ့သဲ့ ကြားရသည်။

အိပ်ရာက နိုးနိုးချင်း ဝါထွေး ခေါင်းရင်းဘက်က ပြတင်းပေါက်ကို အသာလေး ဖွင့်လိုက်သည်။ အိမ်နံဘေးမှ ငွန်ပန်းပင်ကလေးနှင့် စံပယ်ပင်ပျိုကလေးတွေမှ မွှေးရနံ့သည်လည်း သင်းပျံ့ပျံ့လေးမွှေးကာ ဝါထွေး အခန်းတွင်းသို့ ငြိမ့်ငြိမ့်လေး တိုးလို့ဝင်လာသည်။ ကြည်နူးရွှင်ပျစေတဲ့ရနံ့၊ လတ်ဆတ်သင်းပျံ့နေတဲ့ ရနံ့လေးတွေ။ သည်ရနံ့နှင့်အတူ တစ်နှစ်တစ်ခါ တောင်ပြုံးပွဲတော်ကိုသွားဖို့ အမျှော်ကြီး မျှော်ခဲ့ရသည်မို့ ဝါထွေး စိတ်တွေ ရွှင်လို့နေသည်။ မျက်နှာသစ်ပြီးသည်နှင့် အမေကြီးက ထမင်းချိုင့်ထည့်ရန် မီးဖိုဘက်သို့ ဆင်းသွားတော့ ဝါထွေး သနပ်ခါးလှလှလေးလူးဖို့ အချိန်ယူလိုက်သည်။

mgyoe.com

mgyoe.com

အညာသူ၊ ရွာသူပေမဲ့ ဝါထွေး အသားအရောင်က ဝါဝါဝင်းလို့နေသည်။ အမေက ဝါဂွမ်းထွေးလေးကို ချိုပိုးရသလိုမို့ ဝါထွေးဖြူလို့ အမည်ပေးခဲ့တာဟု ဆိုသည်။ ဝါထွေးရဲ့အမ (အမေ) ကတော့ ဝါထွေးငယ်ငယ်ကပင် ပိုးထိလို့ ဆုံးပါးသွားခဲ့ပြီ။ ဝါထွေးကို အမေကြီးကပဲ အမေလိုတမျိုး အဘွားလိုတသွယ် ပြုစုစောင့်ရှောက်ခဲ့သည်။ ဝါထွေး သနပ်ခါးလိမ်းပြီးသည်နှင့် အိမ်နံရံမှာ ချိတ်ထားသည့် သစ်သားဘောင်ကွပ် မှန်ရှေ့မှာရပ်၍ ခေါင်းဖြီးလိုက်သည်။ အမေကြီး ဝယ်ပေးထားသော အဝါပေါ် ပန်းပွင့်ရိုက် ဝမ်းဆက်ကလေး ဝတ်ဆင်အပြီးမှာတော့ ဝါထွေး အလှပြင်ခြင်းက ရိုးရှင်းစွာ ပြီးဆုံးပြီဖြစ်သည်။

"ထမင်းကြမ်း ကြော်ထားတယ်၊ ဝအောင်စားခဲ့နော်....မြေးလေး ..."

"ဟုတ်... အမေကြီး"

ဝဝအိအိ အမေကြီးသည် သူ့ကိုယ်ခန္ဓာနှင့် မလိုက်အောင် လျင်မြန်လွန်းသည်။ ဝါထွေး ကိုယ်လက်သန့်စင်လို့ အလှပြင်ကာ ဝတ်စားဆင်ယင်အပြီးမှာ အမေကြီးက ထမင်းတစ်အိုးအသစ်တည်ပြီးလို့ မနေ့ကတည်းက လုံးထားတဲ့ ဟင်းတွေကိုလည်း ပြန်နွှေးပြီးပြီ။ ထမင်းကြမ်းကို အညာခရမ်းချဉ်သီးရဲရဲ နနွင်းဝါဝါ ဆီအိအိနှင့် လှိမ့်နေအောင် ခြောက်ခြောက်လေး ကြော်လို့လည်းပြီးပြီ။

ဝါထွေး ထမင်းကြမ်းကြော်ကို ငါးခြောက်ဖုတ်လေးနှင့် ခပ်မြန်မြန်စားလိုက်ရင်း အဘ (အဖေ) စားဖို့ပါ ပြင်ပေးလိုက်သည်။ ဝါထွေးနှင့် အမေကြီးက တက်ကြွသလောက် အဘက ဘယ်ရောက်နေမှန်း မသိ။ ရေတွင်းဘက် မျက်နှာသွားသစ်နေသလား။ ခြံအပြင်ထွက်ပြီး ဟိုဟိုဒီဒီ စနည်းနာနေသလား ဝါထွေး မသိ။ ပတ်ဝန်းကျင်သည်လည်း နေရောင်နှင့်အတူ မြမြလေး လင်းလာသည်... စိမ့်စိမ့်လေးလည်း အေးလာပြီ။

တောင်ပြုံးပွဲတော်ဟုဆိုလျှင် ဝါထွေးတို့နေတဲ့ လွန်တောင်းရွာ တစ်ရွာလုံးသာမက ဒီနယ်တစ်ကြောက ကျောက်တံခါး၊ ရေနံသာ၊ ပုသိမ်လေး၊ ကြာနီကန်၊ ထီးတော်မိုးဘက်က ရွာတွေအထိ မသွားမဖြစ်သွားကြမြဲ။ အိုး... တကယ်တော့... အနီးအနားက ရွာတွေတင်မကပါဘူးလေ ဝါထွေးကျောင်းတက်နေတဲ့ မတ္တရာမြို့ကရော၊ မြို့ရွှေမန်းဘက်နဲ့ အနယ်နယ်အရပ်ရပ်က ယုံကြည်သူတွေဟာ ပွဲပေးဖို့ အရောက်လာကြတာပါပဲ။ နှစ်စဉ်လူပေါင်းသိန်းချီလာရောက်ကြတဲ့ မြန်မာ နိုင်ငံရဲ့ အကြီးဆုံး ရိုးရာနတ်ပွဲပဲ မဟုတ်လား။

ဝါထွေးသည် ဟိုတွေး ဒီတွေးနှင့် စားသောက်ပြီးတဲ့ ပန်းကန်အချို့ကို

mgyoe.com

mgyoe.com  SAMPLE BOOK 

ဆေးကြောနေတုန်း အမေကြီးက သနပ်ခါးအဖွေးသားနှင့် ပါတိတ်လုံခြည်နက်ပြာလေး ဝတ်ဆင်ပြီးလို့ အနားကို ရောက်လာပြီ။ အမေကြီး ဆံပင်ဖြူဖြူပေါ် မှာလည်း ဇွန်ပန်းဖြူဖြူလေးက သင်းသင်းမွှေးလို့။

"ဟဲ့... နင့်အဘရော...ဝါထွေး၊ မနေ့ကတည်းက မလိုက်ချင်ဘူးလို့ ပြောနေတာမို့ ပတ်ရှောင်နေသလား မသိ၊ လိုက်ရှာလိုက်ဦး ဝါထွေးရေ။ ရော့ ဇွန်ပန်းကုံးမွှေးမွှေးဖြူဖြူလေးလည်း... မြေး ဆံရစ်ဝိုင်း ဖွဲ့ခွေလို့ ပန်လိုက်ဦး"

ဆံရစ်ဝိုင်းဆိုမှ ဝါထွေး၏ ဆံပင်ပုံသည် ခေတ်မမီသော ဆံရစ်ဝိုင်းပုံဖြစ်သည်ပင်။ ရှေးမြန်မာလုံမငယ်တို့ ထားလေ့ရှိသည့် ဆံရစ်ဝိုင်းကို အမေကြီးက လွန်စွာနှစ်သက်၍ မြေးဖြစ်သူ ဝါထွေးကို ထိန်းသိမ်းထားစေခြင်းဖြစ်သည်။သည်ရွာတွင်ပင် ဆယ်ကျော်သက်သူငယ်ချင်း အများစုကတော့ ခေတ်မီမီ ဆံပင်တိုတိုထားကြပါသည်။ ဝါထွေးနှင့်သူငယ်ချင်းအချို့သာ ဆံရစ်ဝိုင်းပုံစံကို ထိန်းသိမ်းထားမြဲ။ မြန်မာပီသသော ကျေးလက်စရိုက်ကို မြတ်နိုးသော အမေကြီးဖြစ်တာမို့ ဝါထွေးရဲ့ ဝတ်စားဆင်ယင်ပုံ သွားလာ လှုပ်ရှားပုံတွေသည် အဘွားကြီးပေါက်စပဲလို့တော့ ဝါထွေး အပြောခံရပေမဲ့ အမေကြီး စည်းကမ်းကို မလွန်ဆန်ရဲပါ ။

နောက်နှစ်ကျောင်းပိတ်လျှင်တော့ အုပ်လုံးသိမ်းပေးမယ်လို့ အမေကြီးက ဝါထွေးကို ကတိပေးထားပါသည်။ ဝါထွေးက မတ္တရာမြို့က အထကကျောင်းမှာ ၈ တန်း တက်ရောက်ဆဲ ကျောင်းသူဖြစ်သည်။

နေရောင်သည် တဖြည်းဖြည်း တောက်တောက်အိအိလေး ထွက်ပေါ် လာပြီ။ အဘကို ဟိုဟိုဒီဒီ လိုက်ရှာတော့ ခြံရှေ့မှာ ဦးကံစိန်တို့အဖွဲ့နှင့် စကားလက်ဆုံကျနေတာ တွေ့လိုက်ရသည်။ ရှပ်အကျီအသစ်တစ်ထည် ဝတ်ထားတာတွေ့တော့ အဘပွဲတော်ကို လိုက်မှာ သေချာသွားသည်မို့ ဝါထွေး စိတ်အေးသွားရသည်။ ဦးကံစိန်က တစ်ခြံကျော်တွင် နေထိုင်သူဖြစ်ပြီး သမီးပျိုနှစ်ယောက် ရှိသည်။ မမတင်လေးနှင့် မမခင်လေးက ရွာရဲ့ကွမ်းတောင်ကိုင် အပျိုချောတွေလည်းဖြစ်သည်။ ဒီအတိုင်းဆို အတူတူ ထွက်ကြမည်ထင်သည်။ အမေကြီးက မနက် ၆း၅၀ ရထားနှင့် သွားကြမည်ဟု ပြော၍ထားသည်ပဲ။

မမတင်လေးနှင့် မမခင်လေးတို့ပါလာမည်ဆို၍ ဝါထွေး ပျော်သွားသည်။ မတ္တရာမြို့မှာနေသည့် အစ်ကိုစိုး၊ အစ်ကိုလတ်တို့လည်း ၆း၃၀ ရထားနှင့် ပါလာမည်တဲ့။ အမေကြီး အနားယူနေကျ တောင်ပြုန်းဘူတာနှင့် အနီးဆုံး အရိုးမြတို့နတ်နန်းမှာ ဆုံဖို့ ချိန်းထားကြသေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပြီးမှ ဆွေမျိုးတွေ တသီတတန်းကြီး ပွဲတော်ကို ပတ်ရမှာမို့ ပျော်လိုက်တာ။

"သမီး အဘကို စောင့်နေတာလား၊ မနက်စာ စားစို့လေ"

"ကျုပ် စားပြီးပြီ အဘရဲ့၊ အဘစားဖို့ အမေကြီးက ခေါ်ခိုင်းလို့"

အဘ အသံကြားတော့ ဝါထွေး အပြေးလေးလျှောက်ကာ အဘအတွက် ရေနွေးပြင်လိုက်သည်။

"ငါ ကြာကြာမနေဘူးနော် အစ်မ၊ နင်ပွဲကပ်ပြီးတာနဲ့ ငါ တန်းပြန်မှာပဲ၊ လူတွေ တအားများတော့ ငါ အသက်ရှူမဝဘူး"

"အေးပါ မိုးကျော်ရဲ့၊ အရှင်နှစ်ပါးမျက်နှာတော်ကိုတော့ အသေအချာ ဖူးမြော်ပြီး ဆုတောင်းဦး၊ ပြန်စွန့်တဲ့ ပန်တော်ကျလေးလည်း အိတ်ကပ်ထဲ သေချာ ပြန်ဆောင်သွားဦး… ကြားလား၊ ပြီးတာနဲ့ဆိုင်ကို တန်းသွား၊ ဆိုင်အရှေ့မှာ သေချာ ချိတ်ထား"

"ပွဲတော်ရက် မဟုတ်လည်း အေးအေးဆေးဆေး ဖူးလို့ ရနေတာကို… အစ်မကလည်း ဒီရက်စွန့်တဲ့ပန်းမှ အရေးတကြီး လုပ်နေပြန်ပြီ"

"ဟဲ့ ပွဲတော်ရက်မှ ပိုလို့စိတ်ရွှင်တာ၊ ပွဲတော်ရက်မှ ပိုလို့မစတာ… နင်ဟာ လေ အသက်ကြီးတဲ့အထိ နားမလည်သေးဘူး"

"ဒီရက် ဒီအချိန်ရဲ့ ဖောင်းတော်ကျနဲ့ ပန်တော်ကျလိုချင်လွန်းလို့ အဝေး ကြီးကနေ မရောက်ရောက်အောင် လာကြတဲ့သူတွေ အများကြီး၊ လွန်တောင်းနဲ့ တောင်ပြုံး နီးနီးလေးကို ဒီခရီးဝေးသလား လုပ်မနေစမ်းနဲ့ မိုးကျော်"

"ဟဲ့ အပျိုပေါက်စမ…ဆွဲကြိုးချွတ်ထားခဲ့လေ၊ ခါးပိုက်နှိုက်တွေ ဒီလောက် များတာ အဝတ်တစ်စုံရော အပိုထည့်ပြီးပြီလား"

အမေကြီးရဲ့ ပွစိပွစိ အပြောသည် ဝါထွေးဆီရောက်လာတော့ ဝါထွေး ရယ်ကာ ဆွဲကြိုးလေးကို အပြေးကလေး ချွတ်ရပြန်သည်။ အမေကြီး ပြင်ဆင်ထားတဲ့ ခြင်းတောင်းကို ကူဆွဲပြီး ခြံအပြင်ထွက်လိုက်တော့ ဖုန်လုံးအချို့ လမ်းမလေးကို ဖုံးလွှမ်းလို့ သွားနေပြီ၊ ရွာထဲက ကားအချို့လဲ ပွဲတော်ကို သွားနေကြပြီနေမှာပေါ့။ ရွာထဲက တချို့လူတွေလည်း ဘူတာကို အပြေးလေးလှမ်းနေကြပြီ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

"ဟော....ရထားလာပြီ........"

မတ္တရာမြို့ကနေ လာသော အမြန်ရထားသည် ကိုယ်ထည်ကို မမြင်ရလောက်အောင်ပင် ပြည့်ကျပ်နေသောလူတွေနှင့် တအိအိတရွေ့ရွေ့ မောင်းနှင်လာရင်း....လွန်တောင်းဘူတာကို ဆိုက်ရောက်လာပါသည်။ ပြည့်လျှံနေတဲ့ လူပင်လယ်ထဲကနေ အစ်ကိုစိုးက အပြေးလေးဆင်းလာပြီး အမေကြီးနှင့် ဝါထွေးကို ဆင်းခေါ်ပေးသည်။

အမေကြီးကို တခြားလူငယ်လေးတွေက တွဲလို့ခေါ် ယူကြတော့ ရထားတွဲထဲကို အမေကြီး တဖြည်းဖြည်းတိုးဝင်ရင်း ရောက်ရှိသွားပါသည်။ ဝါထွေးကတော့ ခပ်ပိန်ပိန်မို့ တံခါးပေါက်က နေရာဦးထားတဲ့ အစ်ကိုလတ်ကို ခြင်းတောင်းလှမ်းပေး အပြီးမှာ အစ်ကိုစိုးအကျီ အသာဆွဲလို့ လှမ်းတက်လိုက်တာပါပဲ။ အဘရော... အဘတော့... ဘယ်အပေါက်ကနေ... ရထားအပေါ် ရောက်သွားသလဲ ဝါထွေး ... သတိမထားမိပါ ။

"အလိုတော်...အဘွားသန်းက... ကားမစီးဘဲ ရထားစီးရလား၊ ဒီလောက်မွန်းကျပ်နေတဲ့ဟာ"

"ပွဲတော်ရက်ဆို ကားမစီးချင်ပေါင်၊ ဒီလိုလူတွေနဲ့ ရောနှောပြီး ရထားကျပ်ကျပ်စီးရတာမှ ပျော်စရာကောင်းတာ"

mgyoe.com

mgyoe.com SAMPLE BOOK

အသက် ၈၀ အဘွားသန်းက ပန်းတွေဝေနေအောင် ပန်ထားပြီး အပျိုပေါက်လေးလို မျက်နှာအမူရာပြောင်းကာ ခပ်ဆတ်ဆတ် ဖြေလိုက်တော့ ဝါထွေး သဘောကျစွာ တခစ်ခစ် ရယ်မိသည်။ အဘွားသန်းက အမေကြီးရဲ့အဒေါ် တော်စပ်သည်။မတ္တရာမြို့မှာလည်း မြို့မျက်နှာဖုံး ဆန်စက်ပိုင်ရှင်ဖြစ်သည်။ အခုလည်း အသက် ရှစ်ဆယ်ဆိုပေသည့် ပိန်ပိန်ပါးပါးကိုယ်ခန္ဓာပေါ်မှာ ပါတိတ် ဝမ်းဆက်နှင့် နှုတ်ခမ်းနီ ပန်းရောင်ဆိုးထားသေးသည်။ ဆံပင်ဆိုးဆေး အနက် ရောင်ပေါ် နှင်းဆီပွင့်တွေ ဝေနေအောင် ပန်ဆင်ထားတော့ ဝါထွေးရဲ့ အသက် ၆၀ ကျော် အမေကြီးထက် ပိုလို့ပင် နုပျိုဟန်တူသည်။ အဘွားသန်းက ခပ်ပျော်ပျော် နေတတ်တော့ မြေးတွေ၊ မြစ်တွေကလည်း အလွန် ချစ်ခင်ကြတာပေ့ါ။

အစ်ကိုလတ်က မတ္တရာမြို့ထဲက နေရာဦးလာကာ ထိုင်စီးလာသောနေရာ ကို အမေကြီးကို ဖယ်ပေးသည်။ အစ်ကိုစိုးနေရာကို ဝါထွေးက ဝင်ထိုင်တော့ ဝါထွေးနှင့် ဒေါ်လေးပြုံးက တစ်ခုံ၊ အမေကြီးနှင့် အဘွားသန်းက တစ်ခုံ နေရာ ရသည်။ ဒေါ်လေးပြုံးကရော ဝါထွေးနှင့် ဘာတော်ပါလိမ့်၊ ငယ်ငယ်ကတည်းက အစ်ကိုစိုးတို့ ခေါ်သလို ဒေါ်လေးပြုံးလို့ နှုတ်ကျိုးနေပေမဲ့ ဆွေမျိုးစပ်ရလျှင်တော့ အဘွားလေး တော်ပြန်သည်။

"ကျုပ်တို့ ငယ်ငယ်တုန်းကတော့ တောင်ပြုန်းကို လှေတွေနဲ့ သွားကြ တယ်တော်။ မန္တလေးဈေးချိုတော်ရဲ့အနောက်ဘက်က ရွှေတချောင်းမြောင်းကနေ တောင်ပြုန်းအထိ လှေတွေနဲ့ သွားကြတာ၊ ကျုပ်တောင် ခပ်ငယ်ငယ်ရှိသေးတာ မြင့်ငွေရဲ့"

"ဟုတ်လား.... မသန်း မှီလိုက်သေးတယ်ပေ့ါ"

"အရင်အခေါ်ပေ့ါ 'နှဲကုပ်သို'လို့ အမည်ရတဲ့ ရွှေတချောင်းမြောင်းဟာ ဘိုးတော်ဘုရားလက်ထက်တည်းက မတ္တရာကနေ အမရပူရနေပြည်တော် တက် သိမ်းအင်းအထိ ဖောက်သွယ်ခဲ့တဲ့ ရေလမ်းခရီးလေ၊ တာရိုးပေါင်း ၂၇၀၀ ရှည် သတဲ့။ လယ်တွေကို ရေပေးဝေဖို့အပြင် မတ္တရာနဲ့ အမရပူရနေပြည်တော် ဆက်သွယ် သွားလာရေးအတွက် ရေလမ်းအဖြစ် အသုံးပြုခဲ့တာပေ့ါ"

"အတော်ကောင်းမွန်တဲ့ ရေလမ်းကြောင်းပဲနော် မမသန်းရဲ့၊ ဟဲ့ ဝါထွေး မှတ်သားနော်၊ လူကြီးတွေနဲ့စကားပြောတဲ့အခါ ဗဟုသုတအလွန်ရတယ်၊ မှတ်သားရ မယ်ကွဲ့"

အမေကြီးက မှတ်သားဖို့ စကားဆိုတော့ ဝါထွေး ခေါင်းကို အသာညိတ်

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်သည်။ တကယ်တော့ ဝါထွေးက မမနီနှင့် မမရီကို တွေ့ချင်လှပြီ။ အစ်ကိုစိုးတို့နှင့် ရထားပေါ် အတူပါမလာတော့ ကားနှင့်လာကြမှာနေမှာ။ ရထားအချိန် အတူစီးလာတဲ့ မမခင်လေးနှင့် မမတင်လေးတို့နှင့်လည်း ဆုံချင်လှပြီ။ သူတို့ကလည်း ဝါထွေးတို့နှင့် ရထားတွဲချင်း မတူဘူးနေမှာ။

"ဒီတစ်ခါ တောင်ပြုန်းပွဲက ဘယ်နှစ်ကြိမ်မြောက်လဲ ဝါထွေး"

"၉၄၄ ကြိမ် အမေကြီး ..."

အမေကြီး မေးတာကို ခပ်သွက်သွက်ဖြေလိုက်ပေမဲ့ စိတ်အစဉ်ကတော့ မမခင်လေးတို့ဆီမှာပေါ့။

"ပွဲတော်ရဲ့ နှစ်ကာလတွေက အတော်များခဲ့ပြီပဲ၊ ဟဲ့ ဝါထွေး ... မျက်လုံး တည်တည်ငြိမ်ငြိမ်ထားနော် ဟိုဟိုဒီဒီ မကြည့်နဲ့..."

မမခင်လေးတို့ကို ဝါထွေးရှာတာကို အမေကြီးက တစ်မျိုးထင်ကာ ဝါထွေး လှမ်းသတိပေးလိုက်ခြင်းဖြစ်သည်။ ရထားတစ်စီးလုံးလဲ လူအစုံ၊ အရွယ်အစားစုံ၊ ပုံစံအစုံအပြင် လူများလွန်း၍ လူနံ့၊ ဖုံနံ့၊ ချွေးနံ့များကိုပါ ရောနှောရှူရှိုက်ရသည်။ ကျွတ်ကျွတ်စီနေသော အသံများကလည်း ဆူဆူညံညံနေပြန်သည်။ ချွေးလေး တစိုစို ကြားကပင် ဝါဆို-ဝါခေါင်လရာသီမို့ လေအေးအေးလေး တိုးကာဝင်လို့သာ တော်သေးသည်။

"အမလေး... ဒီလောက်လိမ္မာ၊ ဒီလောက်တော်တဲ့ ကလေးမျိုး ရွှေထက်ရှားနေပြီ မမြင့်ငွေရဲ့၊ လွန်တောင်းတစ်ရွာလုံး အတော်ဆုံးပါတော်၊ ဒီတစ်ခါရော ကျောင်းမှာ ပထမပဲရတာမို့လား ဝါထွေး"

"ဟုတ်... ဒေါ်လေးပြုံး"

ဒေါ်လေးပြုံး ကတော့ ဝါထွေးရဲ့ ဆံရစ်ဝိုင်းပေါ်က ပန်းကုံးကလေးကို ပြင်ပေးရင်း ချီးမွမ်းစကား ဆိုသည် ။

"စောနကအကြောင်းလေး ဆက်ပါဦး မမသန်းရဲ့" လို့ အမေကြီးက စကားထောက်တော့ ...အဘွားသန်းက ရှုဆေးဘူးလေးအသာချလို့ စကားဆက်ပြန်သည်။

"ရတနာပုံခေတ်မှာတော့ ရွှေတချောင်းမြောင်း အမည်နဲ့ ရေရှင်ရေကောင်းတွေ စီးဆင်းခဲ့တာပေါ့ ။ မတ္တရာနယ်မှာ လယ်ရေပေးဝေရေးနဲ့ မန္တလေးရွှေမြို့တော်မှာ သုံးရေ၊ ချိုးရေအတွက်သာမက မတ္တရာနယ်က သစ်သီးသစ်နှံတွေကို မန္တလေးဈေးချိုတော်ဆီ လှေများနဲ့ ပို့ဆောင်ဖို့ အသုံးဝင်ခဲ့တာကိုး။ ဒီတော့လည်းတောင်ပြုန်း

mgyoe.com

ပွဲတော် ရက်မြတ်အခါဆိုရင် လူစည်ကားတဲ့ ဈေးချိုတော်ကနေ လှေတွေနဲ့ ဆိုင်းတွေ၊ ဗုံတွေနဲ့ တောင်ပြုန်းပွဲတော်ဆီ ရွှေတချောင်းမြောင်းအတိုင်း သွားလာခဲ့ကြတာပေါ့၊ ကျုပ်အတွက်တော့… ပျော်စရာအကောင်းဆုံး ကာလတွေပေါ့တော်"

ဘွားသန်းသည် စကားလည်းပြောရင်း နိမ့်လျှောကျလာသော မျက်မှန်ကို လက်ဖြင့် အသာတွန်းတင်လိုက်သည်။ အဘွားသန်း စကားစရပ်သွားတော့ ဝါထွေးလည်း ရထားပြတင်းပေါက်မှတစ်ဆင့် ပြင်ပသို့ ကြည့်မိသည်။ စပါးခင်းတွေက စိမ်းစိုနေသလို ဗေဒါခင်းတွေကလည်း လွမ်းစရာကောင်းအောင် အဆင့်လိုက်ပွင့်နေသေးသည်။

ရထားပေါ်ရှိ လူကြီးလူငယ် အားလုံးကတော့ မြူးကြွလို့၊ ငြင်းခုန်လို့၊ ဟစ်အော်လို့ လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်နေကြသည်။ ဒေသရဲ့ရနံ့ ၊ ပွဲတော်ရဲ့ ခမ်းနားမှု၊ စိတ်အင်အားရဲ့ ယုံကြည်မှုများကို အခြေခံထားသော ဝါထွေး ရင်ထဲ ပျော်နေရသော အပျော်သည်လည်း ဘယ်အပျော်နှင့်မှ မတူပါ။

တောင်ပြုန်းဘူတာမှာ ရထားသည် ဥဩသံမြင့်မြင့်ကို ရှည်ရှည်ကြာကြာလေး အသံပြုလိုက်သည်။ ဒီရက် ဒီအချိန်မို့ ရထားတစ်စင်းလုံးနီးပါး ဒီဘူတာမှာ ဆင်းကြမှာကိုး။

မနက်စောစောပဲ ရှိသေးတာမို့ မန္တလေးပြန်ဆင်းမဲ့သူက အနည်းအကျဉ်းသာ ရှိလိမ့်မည်။ ဘူတာပလက်ဖောင်းမှာလည်း အရှုပ်ရှုပ်အထွေးထွေးဖြင့် ကျပ်ညပ်လျက် ရှိနေသည်။ အထုပ်အပိုးနှင့် ခြင်းထောင်းကို အစ်ကိုစိုးတို့က အရီးမြင့် နတ်နန်းအထိ သယ်သွားပေးမှာ သေချာသည်။ မမနီနှင့် မမရီလည်း နတ်နန်းမှာပဲ စောင့်နေမှာ သေချာသည်။

"ဖြေးဖြေးမှ ဆင်းရအောင်နော် မြေး ၊ မတိုးနဲ့တော့…"

အမေကြီးက ဖြည်းဖြည်းဆိုပေမဲ့ဝါထွေးစိတ်ကတော့ တောင်ပြုန်းပွဲခင်းထဲ ပြေးလွှား ဆော့ကစားလို့နေပြီ။ စိတ်ထဲမှာ တခစ်ခစ်ရယ်လိုသည့် ခံစားချက်အချို့ ဖြစ်ပေါ်လာခဲ့သည်ကိုတော့ ဝါထွေး အများကြီး နားမလည်နိုင်ခဲ့ပါ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

"နတ်တော်တွင် စစ်ထွက်
တပေါင်းတွင် စစ်ပြန်
ဝါခေါင်တွင် ကန်တော့ခံ "-လို့

အမေကြီးရွတ်ပြနေတဲ့အတိုင်းဆို ဒီနေ့က မင်းနှစ်ပါး စတင်ကန်တော့ခံတဲ့ နေ့ပေါ့။

'ဘူတာကနေ နတ်နန်းကြီးဆီကို သွားတဲ့ အမေကြီး ခြေလှမ်းတွေက သွက်နေတာပဲ။ ဝါထွေးကတော့ ဟိုငေးဒီငေးနှင့် အပြေးကလေး လိုက်ရတော့တာ ပါပဲ။ အမေကြီးက ပန်းဆိုင်မှာ ပန်းအစုံနှင့် ဖောင်းတော်ပဝါစကို အလျင်ဝင်ဝယ် သည်။ နောက်တော့ မင်းနှစ်ပါးကို ဖူးမြော်ရအောင် ကြိတ်ကြိတ်တိုးနေသည့် လူအုပ်ကြီးထဲကို အတင်း တိုးဝင်လိုက်ပါသည်။

ဝါထွေးကတော့ အမေကြီး ခါးတုတ်တုတ်ကြီးကို အနောက်ကနေ ခပ် ကျစ်ကျစ်ဖက်လို့ ထပ်ကြပ်မကွာ ကပ်လိုက်ရပြန်ပါသည်။ ပန်းတွေ၊ ပွဲတွေကို ဆုပ်ကိုင်ထားသည့် လက်တွေကို လေပေါ်မှာ ဝဲမြှောက်ထားရင်း လူအုပ်ကြီးထဲ တဖြည်းဖြည်း တိုးဝှေ့ရတာ လွယ်ကူသည့် အလုပ်တော့ မဟုတ်ပါဘူး။ အလှူငွေ အချို့ကိုလည်း နန်းထိန်းကြီးလက်ထဲမှ တစ်ဆင့် ဆက်ကပ်ရသေးသည်။

နန်းတော်ကြီးထိပ် ပလ္လင်ပေါ်မှာတော့ မင်းခမ်းမင်းနား အပြည့်အစုံနှင့်

mgyoe.com

mgyoe.com

ကိုယ်တော်ကြီး၊ ကိုယ်တော်လေး မင်းနှစ်ပါးသည် ကန်တော့ခံနေတုန်း။ ပန်တော်ကျပန်း စွန့်တာကို ပြန်ရပြီဆိုမှ အမေကြီးနှင့် ဝါထွေးသည် ဆွေမျိုးတွေနှင့် ချိန်းထားသည့် အရိုးမြင့် နတ်နန်းဘက် ခပ်သွက်သွက် ပြန်လှမ်းရသည်။

အဘွားသန်းကတော့ သူ့မြစ်ဖြစ်တဲ့ မမနီတို့ ဒေါ်လေးရီတို့နှင့် အတူတူသွားမယ်ထင်သည်။ အမေကြီးကလည်း အတူတူစောင့်ပြီးသွားတာ မဟုတ်ဘူး၊ စိတ်မြန်လက်မြန်ရှိသူမို့ ဦးတင်ဖို့ အရေးကြီးနေဟန် တူပါသည်။ သူဌေးတွေ၊ စီးပွားရေး အဓိဌာန်အောင်သူတွေကတော့ "တက်ပွဲ၊ ဆက်ပွဲနှင့် ချော့ကြတာပေါ့။ ဘယ်လောက်တောင်" ရက်ရောသလဲဆို လှူထားသည့် စိန်တွေ၊ ရွှေတွေဆိုတာ ဝင်းဝင်းလက်နေတာပဲ။

နတ်ပွဲဆိုပေမဲ့ ဝါထွေး ပိုလို့ စိတ်ဝင်စားတာက ကျယ်ပြောလှသော ပွဲဈေးကိုဖြစ်သည်။ ပွဲတော်ရဲ့ရနံ့က ဝါထွေးကို ဆွဲဆောင်နေပြီ။ ဒီရက် ဒီအခါဆိုလျှင် တောင်ပြုံးတစ်ရွာလုံး ပွဲတော်ဆိုင်တွေ၊ နတ်နန်းတွေ ဖြစ်ကုန်ပြီ။ ကရေကရာ၊ စလူမုန့်၊ ထိုးမုန့်၊ အနုဆုပ်အပြင် ရန်ကုန်မုန့်ဟင်းခါး၊ အကြော်စုံ၊ မုန်လာချဉ်သုတ်ဆိုင်တွေပါ ဖွင့်ထားတော့ ဝါထွေးမှာ သွားရည်ယိုနေပြီ၊ စုထားတဲ့ပိုက်ဆံလေးတွေနှင့် ရွှေအတုလက်ကောက်တွေ၊ ဟေမာနေဝင်း ဆွဲကြိုးတွေလည်း ဝယ်ချင်သေးသည်။

"ဝါထွေးလေးတို့" ရောက်လာပြီ-

ဟိုငေးဒီငေးနှင့် အတွေးထဲ မျောနေသော ဝါထွေး တွေ့ချင်နေမိသည့် မမနီကို နတ်နန်းထိပ်မှာ တွေ့ရတော့ ဝါထွေး ပျော်သွားသည် ။

"ထမင်းအတူစားရအောင် စောင့်နေတာ... ဝါထွေးအကြိုက် ငါးဖယ်ကို အုန်းနို့နဲ့ ချက်ယူလာတယ်တော်"

"စားမယ်၊ စားမယ်... မမနီလက်ရာဆို ကြိုက်မှကြိုက်"

"အပျိုပေါက်စမ... ဆံပင်ပုံစံ မပြောင်းသေးဘူးလား"

"အမေကြီးက နောက်နှစ်မှတဲ့ မမနီရေ"

ဝါထွေးရဲ့ စူပုတ်ပုတ်အပြောကို သဘောတကျ ရယ်မောလိုက်သည့်အခါ မမနီရဲ့ ချစ်စရာကောင်းတဲ့ သွားတက်ကလေးတွေကို မြင်ရသည်။ မမနီက သိပ်ချစ်စရာကောင်းတာပဲ။ တွေ့ချင်လှသည့် မမနီသည် နတ်နန်းကြီးကနေ ဝါထွေးတို့အရင် ပြန်ရောက်နေတာမို့ ပိုလို့ပင် ကျေနပ်မိပြန်သည်။

"မမရီရော"

mgyoe.com

mgyoe.com

"အထဲမှာ...အဘွားသန်း စားဖို့ပြင်ဆင်နေတယ်တော့"

"မမနီ ထမင်းစားပြီးလို့ ခဏနားပြီးရင် ပွဲဈေးပတ်မယ်နော်၊ ဝါထွေး ဖိနပ်အသစ် လိုချင်လို့"

"အေး... အေး"

အမေကြီးမပါဘဲ ဒေါ်လေးပြုံးတို့၊ မမနီတို့ မမရီတို့နှင့်အတူ ပွဲဈေးသွားရမှာမို့လို့ ပိုလိုတောင် ပျော်ရသေးသည်။ အပျိုပေါက်စဆိုတော့ အစ်မအပျိုချော တွေရှိတာ ဘယ်လောက် ဂုဏ်ယူရသလဲ။ နေ့ခင်းဘက်ခဏပဲ အစ်မတွေနှင့်သွားရ တာပါ။ ညဘက် ပွဲကြည့်မယ်၊ ချားရဟတ်စီးမယ်၊ လှေစီးမယ်၊ ပွဲဈေးလျှောက်မယ် ဆိုရင်တော့ အစ်ကိုတွေမပါဘဲ မထွက်ရဲပါဘူး။ ပွဲဈေးမှာ မိန်းမလျာတွေလည်း ပေါသလို၊ ခါးပိုက်နှိုက်နှင့် မိန်းကလေးတွေဆို အသားယူချင်သည့် သူတွေကလည်း တစ်ပုံကြီး။ ညဘက်ပွဲဈေးသွားပြီဆို အစ်ကိုစိုးနှင့် အစ်ကိုလတ်က ရှေ့က ကြားထဲမှာ ညီမတွေ၊ အစ်မတွေကို ညှပ်ပြီး ဆွေနီးမျိုးစပ် အစ်ကိုတွေက နောက်ကနေ ပိတ်ပြီး တန်းစီတိုးရတာ။

အမေကြီးလည်း ဒေါ်လေးမြင့်တို့ အဘွားသန်းတို့နှင့် စကားလက်ဆုံ ကျနေပြီ။ ဝါထွေးတို့လည်း မမနီနှင့် မမရီ ပြင်ထားသောထမင်းဝိုင်း ပျော်ပျော်ပါးပါး ဝိုင်းဝိုင်းစားကြသည်။ စားသောက်သိမ်းဆည်းလို့ ပြီးသည်နှင့် ညီအစ်မတစ်တွေ ပွဲဈေးတန်း ထွက်ခဲ့ကြသည်။ မိန်းမပျိုလေးတွေပီပီ မြင်မြင်ရာ အသစ်အဆန်းမို့ ငေးချင်သည်။ စုထားသော ငွေကလေးနှင့် ဟိုဟိုဒီဒီ ဝယ်ချင်လှပြီ။ ပြင်ဆင်ပြီး လမ်းသလားနေသည့် မိန်းမလျာလှလှလေးတွေလည်း တအံ့တဩနှင့် ငေးရသေး သည်။

ပွဲတော်ကွင်းကတော့ ဖုန်ထူထူ နေပူပူနှင့် ဝါထွေးတို့ကို ကြိုဆိုနေလေ သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

တစ်နှစ်ထက် တစ်နှစ် ပိုလို့သာ စည်ကားလာသည့် ပွဲတော်မှာ ညီအစ်မတစ်တွေ တိုတိုထွာထွာ လျှောက်ဝယ်သည်။ နတ်နန်းကို တစ်ခဏအနားပြန်ယူအပြီး ညဘက် မန္တလေးသိန်းဇော် ဇာတ်ပွဲကြည့်ဖို့ ညီအစ်မတစ်တွေ ပြင်ကြဆင်ကြသည်။ အစ်ကိုတွေလည်း လည်လို့ပတ်လို့မောတော့ တစ်ရေးတမော အိပ်ကြသည်။ အဘကတော့ ရွာပြန်သွားနှင့်ပြီ။ အမေကြီးနှင့် အဘွားသန်းကတော့ စကားတပြောပြောဖြင့် အမျှင်မပြတ်။

"မမနီ ညဘက် ပွဲဈေးပတ်ရင်လေ၊ ချားရဟတ်စီးရအောင်"

"အင်း... ပွဲဈေးပတ်ပြီး နောက်ဆုံးမှ စီးရအောင်လေ၊ နို့မို့ ညည်းအစ်ကိုတွေက စောင့်ရမှာမို့ စိတ်ရှည်တာ မဟုတ်ဘူး"

မမနီက ပြောပြောဆိုဆိုနှင့် ဝါထွေးပါးပေါ်က ပါးကွက်ကို ဖျက်ကာ ပေါင်ဒါမှုန့်လေး အသာပုတ်ပေးသည်။ မမနီလုပ်ပေးသမျှ သဘောတကျဖြစ်နေသော ဝါထွေး ခစ်ခနဲ တစ်ချက်ရယ်လိုက်မိသေးသည်။ မမနီက အလှကြိုက်သူမို့ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ ပိုက်ဆံအိတ်ထဲအပြည့် ဖြစ်သည်။

မမနီတို့အိမ်က မတ္တရာဘူတာနှင့် မျက်စောင်းထိုး လမ်းမကျယ်ကြီးပေါ်တွင် ဖြစ်သည်။ ဝါထွေးအတွက် စက်ဘီးတစ်စီးကို အမေကြီးက ဝယ်ပေးထားပြီး မမနီတို့အိမ်တွင် အပ်ထားသည်။ လွန်တောင်းကနေ မတ္တရာကို မနက်စောစော

mgyoe.com

mgyoe.com SAMPLE BOOK

ရထားစီး၊ ဘူတာကနေ မမနီတို့အိမ်သို့ ဝင်ကာ စက်ဘီးယူပြီး ကျောင်းတက်ရသည်။ မမနီကတော့ ဆယ်တန်းနှစ်ခါကျပြီး ကျောင်းဆက်မတက်တော့ဘဲ အလှပြင်သင်တန်း တက်နေသည်။ မမရီကတော့ အိမ်တွင်ပဲ အမြဲလိုလိုရှိတတ်သည့် အိမ်တော်ထိန်းဖြစ်သည်။ အစ်ကိုလတ်နှင့် အစ်ကိုစိုးကတော့ ဆန်စက်ကိုဦးစီးသည်။ မောင်နှမ နှစ်ဝမ်းကွဲတွေ ဆိုပေသည့် ဝါထွေး အရမ်းကို ချစ်ရသည့် အစ်ကိုတွေ၊ အစ်မတွေဖြစ်သည်။

တကယ်တော့ ဝါထွေးမှာ အဒေါ် အရင်းတစ်ယောက်လည်း ရှိသေးသည်။ ဒေါ်လေးမာလာက အမေကြီးသမီးအရင်း၊ အဘရဲ့နှမအရင်းဖြစ်ပြီး မန္တလေးသားနှင့် အိမ်ထောင်ကျတော့ သျှောင်နောက်ဆံထုံးပါ လိုက်သွားခဲ့သည်။ ဒေါ်လေးတွင် သားလေးတစ်ယောက်ရှိပြီး ဝါထွေး မောင်ငယ်က အခုမှ လေးတန်းတက်ရောက်ဆဲဖြစ်သည်။ ဒေါ်လေးတို့က ချိုးရေတော်သုံးမည်နေ့မှ အမြဲ လာတတ်ကြသည်။ ပွဲတော်ကအပြန် လွန်တောင်းရွာတစ်ညအိပ်၊ အမေကြီးကန်တော့ပြီးမှ ပြန်တတ်ကြသည်ပင်။ အနေဝေးသည်မို့ မောင်ငယ်နှင့် ဝါထွေးသည် မရင်းနှီးလှပြန်။

ညဘက်ပွဲကြည့်မှာမို့ ညနေစျေးကို မောင်နှမတစ်တွေ စောစောပတ်ကြသည်။ ဝါထွေး ချားရဟတ်စီးချင်သည်ဆိုတော့ ဇာတ်ပွဲခင်းထဲမသွားခင် လိုက်ပို့ကြသည်။ အစ်ကိုတွေကတော့ အနီးအနားက ဘူးသီးကြော်ဆိုင်တွင် စောင့်သည်။ ဝါထွေးနှင့် အစ်မတစ်တွေပဲ စီးကြရသည်။ ဝါထွေးစီးချင်လှသည့် ချားရဟတ်အပေါ်ဘက်ရောက်တော့ မူးရီနေပြီ။ ရင်ထဲမှာဟိုက်ပြီး လှိုက်မောနေသည်။

"သြော်...ဒီအပျိုပေါက်စမကလည်း လေတိုက်ရင် လဲတော့မလိုနဲ့၊ အကြမ်းမခံဘူးတော့"

မမနီက ပြောပြောဆိုဆိုနှင့် ပဝါကိုထုတ်ပိုးလာသော ပလပ်စတစ်အိတ်ကလေး ပါးစပ်နား ကပ်ပေးရှာသည်။

"ဝေါ့"

စားထားသော အစာများ လေထုထဲသို့ ပြန့်ကျဲထွက်လာသည်။ မမနီပေးသော အိတ်ကလေးထဲသို့ အန်ဖတ်များကို ထည့်သွန်၍ အန်ပေမဲ့ ရဟတ်၏ထိုင်ခုံ၏ အရွေ့ကြောင့် ဟိုဟိုဒီဒီ ဖိတ်စင်၍ သွားခဲ့ပါသည်။ ဝါထွေးအောက်တည့်တည့်သို့လည်း ဟိုတစ်စ ဒီတစ်စ လွင့်စင်သွားဟန်တူ၏။

"တောက် "

တောက်ခေါက်သံနှင့်အတူ ဟိန်းထွက်လာသော အော်ဟောက်သံသည်

mgyoe.com

အောက်ဘက်ထိုင်ခုံမှ အကျယ်ကြီးပေါ် ထွက်လာတော့ ဝါထွေး လန့်သွားသည်။

ချားရဟတ်မောင်းနှင်သူကို အတင်းရပ်ခိုင်းပြီး ဝါထွေးတို့တစ်တွေ တောင်းပန်ရတော့သည်။ အတိအကျ ပြောရလျှင်တော့ စင်ထားသော အန်ဖတ်တွေသည် ကောင်ကလေး၏ တီရှပ်အကောင်းစားလေးပေါ်မှာ ဟိုတစ်ကွက် ဒီတစ်ကွက်။

"ငါ... ငါ နေလို့မကောင်းလို့ ဖြစ်သွားတာပါ"

"အကျီ...အကျီ...လဲမှ ဖြစ်မှာပေါ့၊ မောင်လေးလာ" အစ်မတို့ အကျီ အသစ်တစ်ထည် လိုက်ဝယ်ပေးမယ်နော်၊ အားလည်းနာပါတယ်၊ တောင်းလည်း တောင်းပန်တယ်"

စောစောက ပွစိပွစိဖြစ်ကာ ဟစ်အော်နေသော ကောင်လေးသည် ဝါထွေးကို ဘုကြည့်ပြန်ကြည့်လေပြီ။

"ရတယ် ရတယ်၊ မတော်တဆ ဖြစ်သွားတာပဲ"

ထိုကောင်လေးနှင့် အဖော်ပါလာသော အစ်ကိုကြီးတစ်ဦးက အစ်မတွေ တောင်းပန်တာကို နားလည်စွာ ဖြေရှင်းပေးသည်။

ဝါထွေးကတော့ ကြောက်၍ရော၊ အားနာမိ၍ရော မမနီလက်ကို အတင်းဆွဲကာ ခန္ဓာကိုယ်ကို ကွယ်ထားမိသည်။

လူကြီးတွေက ငွေခုန် တောင်းပန်နေချိန်တွင် ထိုကောင်ကလေးက ဆတ်ခနဲ ထွက်သွားခဲ့ပြီ။ ရှေ့မလှမ်းမကမ်းက အအေးဆိုင်မှာ ရေဝယ်ပြီးအကျီပေါ်က အညစ်အကြေးအချို့ကို ဆေးကြောနေလေသည်။

လမ်းလျှောက်လိုက်တိုင်း ဖွာဖွာတက်သွားသော ဆံပင်အုပ်အုပ်လေးကို ငေးရင်း ယောက်ျားတစ်ယောက်၏ နောက်ကျောပြင်သည် ဝါထွေးကို ပထမဆုံးအဖြစ် ရင်အား လှုပ်ခတ်စေလိမ့်မည်ဟု မတွေးကြည့်ဘူးပေမဲ့ ငေးငေးမောမော ကြည့်မိသည်။

အထူးအဆန်းမဟုတ်ပါဘဲ ဖျတ်ခနဲမြင်လိုက်ရသည့် မျက်ခုံးနက်နက်နှင့် မျက်ဝန်းတောက်တောက်သည် ကိုယ်တိုင် မသိလိုက်ဘဲ ဝါထွေးစိတ်ထဲ တိုးလို့ ဝင်လာတာမျိုး၊ ပိန်ပိန်ရှည်ရှည် သူ့အရပ်ကို ဦးနှောက်ထဲ အလိုလို ထည့်မှတ်မိတာမျိုး သတိမထားမိသော အခိုက်အတန့်တွေသည် ထိုမိနစ် ထိုခဏမှ စခဲ့ဟန်တူသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

"ဝါထွေးရေ... မြေးလေးပဲ ဘုရားကအပြန် သနပ်ခါးတုံးနဲ့ မြင်းခြံအထည် စားပွဲခင်းတွေ သွားဝယ်လိုက်တော့နော်၊ အမေကြီး မူးရိပ်မူးရိပ်နဲ့မို့ ဈေးဝယ် မလိုက်တော့ဘူး "

"ဟုတ်... အမေကြီး"

အမေကြီးပြောမှ နေသည် တောက်တောက်သာသာလေး ပူနေသည်ကို သတိထားမိတော့သည်။ မနေ့ညက ဝါထွေးတို့ မောင်နှမတစ်တွေ ဇာတ်ပွဲကြည့်ကြ တော့ သည်မနက် အိပ်ရာအတော်နောက်ကျမှ ထတာမို့ ဘုရားကိုရောက်တော့ နေအတော်ပူနေပြီ။ ဆုတောင်းပြည့်ဘုရားတွင်လည်း ဘုရားရှိခိုးသူ များပြားလှသလို ဆူဆူညံညံ တိုးတိုးဝှေ့ဝှေ့မို့ အမေကြီး ပင်ပန်းသွားတာဖြစ်မည်။

လေအဝှေ့မှာ ဆုတောင်းပြည့်ဘုရားဝင်းထဲမှ အဝါရိပ်ရိပ်ကလေးသန်း သည့် အဖြူရောင် စံကားပွင့်တစ်ပွင့် ဝါထွေး ပခုံးပေါ် ကျလာသည်။ ဝါထွေးသည် အမေကြီးကို ချိတ်ထားသော လက်ကိုဖြုတ်ကာ စကားပွင့်တွေကို တဝကြီးကောက် လိုက်သည်။ ဖွေးဖွေးလှုပ်ပွင့်နေသည့် တရုတ်စကားပွင့်တွေသည် အညာ၏အရိပ်၊ အညာ၏သင်္ကေတ ဖြစ်ဟန်တူပါသည်။ မန္တလေးတောင်တော်၊ ရန်ကင်းတောင်တော် သာမက စစ်ကိုင်းတောင်တော်ရိုးအထိ အညာနယ်ကြောတစ်လျှောက် တရုတ်စကား ပင်တန်း၊ တရုတ်စကားပွင့်တန်းတွေချည်း။

mgyoe.com

mgyoe.com

"ရော့အမကြီး၊ စကားပွင့်အနံ့လေး ခပ်ပြင်းပြင်းရှူလိုက်၊ အမူးအမော်ပြေသွားတာပေါ့၊ ဈေးကို ဝါထွေးပဲ ပြေးဝယ်လိုက်မယ်"

"နတ်နန်းအနီးက ဆိုင်တွေကပဲ ဝယ်ပါအေ၊ ပွဲဈေးပတ်ပြီး လျှောက်လည်မနေနဲ့တော့၊ မနေ့ကလည်း တစ်နေကုန် အဝပျော်ပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ပါ... အမကြီးရဲ့၊ အမကြီး အဘွားသန်းနဲ့အတူ ကားကြုံနဲ့ပြန်နှင့်ပါလား၊ မြေး ဈေးအေးအေးဆေးဆေး ဝယ်ပြီး မမနီတို့နဲ့အတူ ပြန်ခဲ့မယ်လေ၊ မနက်ဖြန် ဒေါ်လေးမာလာတို့လာမှာဆိုတော့ အမကြီး စကားတွေပြောချင်ဦးမှာ"

"ညည်း စိတ်မချပါဘူးအေ ဖြစ်နိုင်ရင် ဈေးဝယ်ကို ငါကိုယ်တိုင် လိုက်ချင်တာအေ့"

"မမရီနဲ့ နေ့လယ်စာစားမယ်၊ ပြီးရင် အမကြီးမှာတာတွေ ဈေးဝယ်ပြီးတာနဲ့ ဝါထွေးလည်း ခပ်စောစော ရွာပြန်လာမှာပါ။ မနက်ဖြန် ကျောင်းတက်ရမှာမို့စာတွေလည်း ဖတ်ရဦးမှာ"

အရင်ကတော့ သမီးရဲ့လက်ကို၊ နောက်တော့ မြေးဖြစ်သူ ဝါထွေးလက်ကိုဆွဲပြီး ပွဲဈေးကို အခါခါပတ်ပြီး ဈေးဝယ်တတ်သော အမကြီးကို ကြည့်ရင်း စိတ်မပူရန် ရှင်းပြလိုက်ခြင်းဖြစ်သည်။ အသက်အရွယ်ရလာပြီဆိုတော့ အမကြီးလည်းပင်ပန်းတတ်လာပြီ။ စိတ်သွားတိုင်း ကိုယ်မပါနိုင်ရှာတော့ပေ။

အမကြီးလက်ကို တွဲပြီး စေတီဘက်ကနေ နတ်နန်းဘက်ကို လှမ်း၍ထွက်လာလိုက်သည်။ ပွဲတော်ကွင်းထဲက သီချင်းသံ၊ လူအများ၏ ဟစ်အော်စကားပြောသံအပြင် နတ်နန်းတချို့မှ ထွက်ပေါ်လာသော နတ်ဆိုင်းသံတို့သည် စေတီပရဝဏ် (ပုရိဝုဏ်) အထဲထိ ဆူညံစွာ ဝင်ရောက်လာခဲ့သည်။

ဆုတောင်းပြည့်ဆိုမှ သည်တောင်ပြုန်းရွာရဲ့ ဆုတောင်းပြည့်စေတီတော်ကိုအေဒီ ၁၀၄၄ ခုနှစ်မှာ အနော်ရထာမင်းက ဘုရားတည်ရန်အတွက် သူ့ရဲ့တပ်တော်အတွင်းက စစ်သည်တွေကို အုပ်တစ်ချပ်စီ လှူဒါန်းစေခဲ့ပါသတဲ့။ ရွှေဖျင်းကြီးနှင့်ရွှေဖျင်းငယ် ညီနောင်တို့လည်း အနော်ရထာမင်းထံတွင် သူရဲကောင်းစစ်သည်တော်အဖြစ် အမှုတော်ထမ်းခဲ့ကြသည့်ကာလပေါ့။

ရွှေဖျင်းညီနောင်က ရန်သူ့နယ်မြေအတွင်းစည်းသို့ လျှို့ဝှက်ထိုးဖောက်ဝင်ရောက်ရသော အထူးစစ်သည်တွေပေါ့။ တရုတ်ဘုရင် ဥတည်ဘွားရဲ့ ကိုယ်ရံတော် အစောင့်အရှောက်တပ်များကိုပင် လျှို့ဝှက် ထိုးဖောက်နိုင်ပြီး ဥတည်ဘွား၏ ခန္ဓာကိုယ်ပေါ်တွင် ထုံးဖြူဖြင့် မျဉ်းသုံးကြောင်းဆွဲနိုင်ခဲ့ပြီး နံရံပေါ်မှာလည်း

mgyoe.com

mgyoe.com SAMPLE BOOK

အနော်ရထာမင်းကြီး၏ ရာဇသံကို ရေးထားခဲ့သတဲ့။ ထိုအဖြစ်တွေကြောင့် ပိုမို ထင်ရှားကျော်ကြားလာပြီး မျက်နှာသာ အပေးခံရသော ရဲမက်နှစ်ဦးလည်း ဖြစ်ခဲ့ သည်ပင်။

ထိုခေတ်အခါက ရွှေဖျဉ်းညီနောင်နှစ်ဦးကြောင့် အင်အားစွမ်းပကား ကြီးမားလှသော တရုတ်စစ်တပ်ကြီးနှင့် တရုတ်ဘုရင်ကြီးတို့သည် ကြောက်ရွံ့ ထိတ်လန့်၍ မြန်မာဘုရင် အနော်ရထာနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ကြသည်ဟု ဝါထွေးတို့မှတ်သားကြရသည်။ ဘုရင်က မြှောက်စားလို့ မျက်နှာသာရသူတွေဆိုတော့ မနာလိုသူတွေလည်း ပေါ်များခဲ့မှာပဲ။

ဒါကြောင့်ပဲ ညီနောင်နှစ်ဦးအား အငြိုးအတေးထားရှိသော သူတို့သည် စေတီတွင် အုတ်နှစ်ချပ်စာနေရာကို အနော်ရထာမင်းကြီး မြင်သာစေရန် အလွတ် ထားခဲ့ဟန်တူသည်။ ရွှေဖျဉ်းညီနောင်သည် တောင်ပြုန်းအရပ်တွင် တည်ထားမည့် စေတီဆောက်လုပ်ရာတွင် ပါဝင်ခဲ့ခြင်း မရှိသဖြင့် ရာဇမာန်ရှခြင်း ခံခဲ့ကြရသည်။ အနော်ရထာမင်းကြီးသည် အမှုသွားအမှုလာကို စုံစမ်းကြားနာ စစ်ဆေးတော်မူပြီး နောက် ညီနောင်နှစ်ဦးအား အမိန့်တော်မနာခံသည့် ပြစ်ဒဏ်မျှသာပေးရန် ရာဇသံ ချမှတ်ခဲ့သည်။

သို့ရာတွင် ညီနောင်တို့သည် ပြစ်ဒဏ်အစား သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ရွှေဖျဉ်းညီနောင်တို့ အသတ်ခံရပြီးနောက် အနော်ရထာမင်းကြီး၏ ဖောင်တော်သည် ရွေ့လျား၍မရဘဲ ဖြစ်နေခဲ့ပြန်သည်။ နန်းတွင်းပညာရှိ ပုဏ္ဏားဖြူ ပုဏ္ဏားညိုများက ရွှေဖျဉ်းညီနောင်တို့သည် အနော်ရထာမင်းကြီးအား သစ္စာစောင့်သိစွာ အမှုတော် ထမ်းခဲ့သော်လည်း မတရားသဖြင့် အပြစ်ပေးခံရပြီး နတ်အဖြစ်သို့ ဘဝပြောင်းသွား၍ မကျေနပ်ချက်ကို ဖော်ပြသည့်အနေဖြင့် တော်ဝင်ဖောင်တော်၏ တက်မကို ဆွဲကိုင် ထားသောကြောင့် ဖောင်တော်ရွေ့လျားမရ ဖြစ်နေသည်ဟူ၍ လျှောက်တင်ကြသတဲ့။

ထိုသို့ လျှောက်တင်ကြသောအခါ အနော်ရထာမင်းကြီးသည် ရွှေဖျဉ်း ညီနောင်နှစ်ဦးအား ရည်စူး၍ နတ်ကွန်းကြီးတစ်ခု ဆောက်လုပ်စေပြီး တောင်ပြုန်း နယ်ကို အပိုင်စားပေးလို့ နယ်သူနယ်သားတို့အား ထိုညီနောင်ကို ကိုးကွယ်ပသ စေသတဲ့။

ဤသို့ဖြင့် တောင်ပြုန်းရွာသည် ငါးရက်ခန့်စည်ကားသော တောင်ပြုန်းပွဲ တော်ကြီးကို နှစ်စဉ် ကျင်းပခဲ့သည်။ တောင်ပြုန်းရွာတွင် နတ်ကွန်းပေါင်း ၇၀၀၀ ခန့်ရှိပြီး နတ်ကွန်း ၂၀၀၀ နီးပါးသည် ရွာ၏ အကျော်ကြားဆုံးမင်းသား ညီနောင်

mgyoe.com

ဖြစ်ကြသည့် ရွှေဖျဉ်းကြီးနှင့် ရွှေဖျဉ်းလေးတို့အား ရည်စူးကိုးကွယ်ထားခြင်း ဖြစ်သည်။ ကြေကွဲဖွယ်ရာ ကွပ်မျက်မှုကို အကြောင်းခံသည့် အုပ်ချုပ်နှစ်ချပ်စာ နေရာလွတ်ကို ဆုတောင်းပြည့်စေတီအတွင်းမှာ ရွှေချကာထားသည်ကို ယနေ့တိုင် မြင်တွေ့ရမည် ဖြစ်သည်။

လူအုပ်ကြီးကတော့ ဘုရားဝင်းထဲမှာရော၊ နတ်နန်းတွေမှာရော၊ ပွဲတော်ဈေးမှာပါ တစ်ဦးနှင့် တစ်ဦး တိုးဝှေ့လို့ စည်ကားနေတုန်း။ အမေကြီးမှာသည့် သနပ်ခါးနှင့် မြင်းမူထည်အပြင် ဝါထွေး စားချင်သည် စလူမုန့်ပါ ဝယ်ရမယ်ဟု တွေးလိုက်တော့ ဝါထွေး ပျော်သလိုလိုပင် ဖြစ်သွားမိသေး၏။

အမေကြီးခမျာတော့ အတွေးတွေနှင့် ခပ်သွက်သွက် လှမ်းနေသော ဝါထွေး၏နောက်မှ ဝဝအိအိ ခန္ဓာကိုယ်ကို ထိန်းလျှောက်ရင်း လိုက်လာရှာပေသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၆)

"မြည်းပါဦးရှင့်... မလိုင်ကရေကရာက အစိတ်သားဝယ်ဝယ်၊ ၅၀ သားဝယ်ဝယ် ရောင်းပါတယ်။ အိမ်သူ အိမ်သားတွေလည်း စားရတာပေါ့။ လက်ဆောင်လည်း ပေးလို့ရတယ်။ ဒီက သေသေချာချာ လုံလုံခြုံခြုံ ထုပ်ပေးလိုက်မှာပါ။ ပွဲတော်မှာ ရောင်းပေမဲ့ ဖုန်မှုန့် မပါစေရဘူး။ တစ်နှစ်မှ တစ်ခါ လာရောင်းတာ။ မြည်းစားကြည့်ပါ။ မကောင်းရင် ပိုက်ဆံမပေးနဲ့။ အလကားပေးလိုက်မယ်ရှင့်"

ယဉ်ယဉ်ဆွေ ကရေကရာဆိုင်၊ မေဆွိ ကရေကရာဆိုင်နှင့် အခြားကရေကရာဆိုင်များက ဆိုင်ရှေ့မှာ ဖြတ်သွားဖြတ်လာ ပရိသတ်ကို မုန့်ဆိုင်တွေဝင်ပြီး အမြည်းစားဖို့ ဖိတ်ခေါ်သေးသည်။ ဈေးဝယ်ချင်အောင် နှုတ်ချိုကြသည်။ မြန်မာမုန့်ပဲသွားရည်စာတွေ ရောင်းကောင်းသည့်ပွဲဖြစ်၍ တောင်ပြုန်း၏ မုန့်ဆိုင်ဈေးတန်းက စည်လှပါ၏။ သည်လမ်းမဘေးမှာပဲ ပွဲတော်အမှတ်တရပစ္စည်း အရောင်းဆိုင်၊ မော်လမြိုင်ကလာသည့် ရှောက်ပန်းသီး အရောင်းဆိုင်များကလည်း ခပ်စိပ်စိပ်တွေ့ရသေးသည်။

"ကဲ ဝါထွေး... ညည်းအမေကြီးနဲ့ အဘွားသန်းမှာတဲ့ သနပ်ခါးကိုဒေါ်ကြည်တို့ဆိုင်ကပဲ ဝယ်လိုက်၊ ပြီးရင် ခြင်းတောင်းနဲ့ အဲဒီဆိုင်မှာ စောင့်နေနော်၊ မမနီလိုနေသေးတဲ့ ပစ္စည်းတစ်ခု နှစ်ဝယ်ပြီးရင် ဒေါ်ကြည်ဆိုင်ကိုပဲ လာခဲ့မယ်"

"ဝါထွေးအတွက် စလူမုန့် နော်... စလူမုန့် ဝယ်ခဲ့ပေးဦးနော် မမနီ"

mgyoe.com

 SAMPLE BOOK 

"အေး...ငါ ဝယ်ခဲ့မယ်၊ ၅၀ ဆယ်သားဆို ရတယ်မဟုတ်လား"

"ဟုတ် မမနီ"

ထမင်းစားပြီးသည်နှင့် အမေကြီးကို အနားယူစေပြီး မှာသည့်ပစ္စည်းများကို အပြေးအလွှား ဝယ်ရသည်။ မမနီနှင့်အတူ ထွက်လာပေမဲ့ ရထားစောစောမီစေရန် လူခွဲပြီး ခပ်သုတ်သုတ် ဝယ်ကြရပြန်သည်။ ဈေးကလည်း ဝယ်ရင်းဝယ်ရင်း အတော် လည်း လေးလာပြီမို့ ခြင်းတောင်းနှင့် ဝါထွေးကို ဒေါ်ကြည့်ဆိုင်မှာ ဈေးဝယ်ရင်း စောင့်ခိုင်းခြင်းဖြစ်၏။

ဒုတိယနေ့ ကန်တော့ခံပွဲတော်မှာတောင် လူအုပ်ကြီးကတော့ တိုးကာ ဝှေ့ကာနှင့် ပို၍သာ စည်ကားနေသည်ပင်။ ည ညီလာခံလည်း အရမ်းကို စည်မှာပဲ။ အစည်ဆုံးကတော့ မနက်ဖြန် ချီးရေတော် သုံးပေါ့။ ဝါထွေးက ဖြစ်နိုင်ရင် နန်းတက် ပွဲရော၊ ယုန်ထိုး၊ ထိန်ခုတ်၊ ရွှေဘုံဆင်းအထိ ပွဲတော်ရက်တွေ အကုန်နေချင်တာ။ ငယ်ငယ်တုန်းကတော့ အဘနှင့်ကပ်ပြီး နေခဲ့တာပဲ၊ အစ်ကိုတွေ၊ အစ်မတွေနှင့်လည်း ကျန်ခဲ့တာပဲ။ အခုတော့ အမေကြီးက အရွယ်ရောက်လာသည့် ဝါထွေးကို အရိပ် တကြည့်ကြည့်၊ ကျောင်းစာတွေကလည်း များလာတော့ နှစ်ရက်သာ ပျော်ရတော့ သည်။

"ဝါထွေးတောင် အပျိုပေါက်စဖြစ်လာပြီတော့၊ ခြင်းတောင်းအထဲထည့် ရင်း ဆိုင်ထဲဝင်ထိုင်စောင့်လေ၊ သနပ်ခါးတွေက အဘွားသန်းနဲ့ ဒေါ်မြ ဝယ်နေကျ အတိုင်း ဒေါ်ကြည် ထည့်ပေးလိုက်မယ်"

"ဟင့်အင်း... ဝါထွေး ရွေးမယ်"

ခြင်းတောင်းကို ဆိုင်အထဲသို့ပို့လိုက်ပြီး ဆိုင်အပြင်အထိ ခင်းထားသော သနပ်ခါးများကို ဝါထွေး တစ်ခုချင်းရွေးရန် ပြင်ဆင်လိုက်သည်။ သနပ်ခါးသည် အပွေးကောင်းမှလည်း 'ထောင်းခနဲ' နေအောင် မွှေးတတ်သလို တာရှည်လည်း အသွေးခံတတ်သည်တဲ့။ ဈေးအကြီးဆုံး ခေါ်ထားသော ပြင်ဆင်ထားသည့် သနပ် ခါးစင်က သနပ်ခါးတုံးတွေရဲ့ အပွေးကို လက်သည်းဖြင့် အသာဖိ ဆိတ်ကြည့်ရမည်၊ နစ်မဝင်သွားဘူးဆိုလျှင် သည်အခေါက်က ရင့်တာမြေးရဲ့ဟု အမေကြီးက သင်ထား ပေးထားသည်ကို အမှတ်ရရင်း သေသေချာချာ ရွေးမိနေပါသည်။

ဒေါ်ကြည်လည်း ဈေးဝယ်တွေများလာတော့ ဝါထွေးကို သတိမရနိုင်တော့။ ဝါထွေးလည်း ရွေးပြီးသား သနပ်ခါးလေးတွေ နှီးတောင်းထဲစီကာ ထည့်ပြီးတော့ ဟိုငေး သည်ငေးလုပ်ရင်း မမနီကိုသာ မျှော်နေမိတော့သည်။ ဆူဆူညံညံ အသံ

mgyoe.com SAMPLE BOOK

တချို့ကို ကြားရသော်လည်း ပွဲတော်ထဲက လူအုပ်တွေရဲ့ ဟစ်အော်ပြောသံ၊ စပီကာ အချို့ရဲ့ အသံစမ်းသံတို့ကြောင့် သတိမထားခဲ့ပါ။

ရုတ်တရက် ဝါထွေး ပခုံးကို လက်ချောင်းတွေနှင့် ထိတွေ့လိုက်သလိုမျိုးမို့ ဝါထွေး လှည့်ကြည့်လိုက်ပါသည်။

"ဟဲ့... ဆံရစ်ဝိုင်းလေး၊ နင် မနေ့ညနေက အနိတဲ့ ကောင်မလေး မဟုတ်လား"

ကောင်ကလေးပါ။ ဟုတ်ပါသည်။ မနေ့က သူ့ရဲ့ကျောပြင်ကို ငေးကြည့်ရင်း ဝါထွေးရင်ကို လှုပ်ခတ်စေတဲ့ ကောင်ကလေးပေါ့။ ဝါထွေးသည် ခေါင်းကို ခပ်မြန်မြန် ညိတ်ပြလိုက်ပေမဲ့ မျက်ခုံးနက်နက်နှင့် မျက်ဝန်းတောက်တောက်တွေကို တစ်ခဏတော့ ကြောင်ပြီး ငေးမိနေသေးသည် ။

ထိုအချိန်က နေရောင်သည် ပိုလို့တောက်ပဟန်ရှိ၏။ ဝါထွေး မျက်လုံးရှေ့မှ သနပ်ခါးတွေသည်လည်း ပိုလို့မွှေးမြဟန်ရှိ၏။ နံဘေးမှ ပန်းဆိုင်ရှိ ပန်းများသည် လှပသော ဝါရွှေရောင်၊ နီညိုရောင်၊ စိမ်းမြရည်သော အရောင်အဖြစ် ပြောင်းလဲသွားဟန်တူ၏။ ထိုအချိန်မှာ အပိုင်းအစ သေးသေးလေးကအစ မက်မောချင်စရာကောင်းသော အမှတ်တရ ဖြစ်သည်ပင်။

အင်း... ဟုတ်တယ်လို့ ဝါထွေး ခေါင်းညိတ် အပြီးမှာတော့-

"လာ... ငါနဲ့လိုက်ခဲ့ပေးပါ"

ကောင်လေးရဲ့အသံဟာ ခပ်တိုးတိုးလေးပဲ။

ဆူညံနေတဲ့ လူအုပ်ကြီးရဲ့ အသံတွေထဲမှာမှ သူ့ရဲ့ အဲဒီအသံက ချို့မြနေတာပဲဟု ဝါထွေး တွေးလိုက်မိသေးသည်။

ပြောပြောဆိုဆိုပဲ ကောင်လေးသည် ဝါထွေးလက်ကို ဆွဲလို့ပြေးပြန်သည်။ ဟောတော့... ပြေးနေတဲ့ သူ့ခြေထောက်မှာ ဖိနပ်ပင်မပါတော့... ဖုန်တွေကြားထဲ၊ လူအုပ်တွေကြားထဲမှာပင် တိုးတိုးဝှေ့ဝှေ့ ပြေးနေသည်။ သူ့ရဲ့ ခြေလှမ်း ကျယ်ကျယ်တွေကို ဝါထွေး မနည်းအမီလိုက်ရသည်။ ဆွဲကိုင်ထားသော လက်ကိုလည်း မလွှတ်။

"ရွာဘက်ကို ဘယ်လိုသွားရမလဲ"

"ရွာဘက်ကိုလေ၊ တောင်ပြုံးရွာဘက်ကို" သူမေးတာကို ဝါထွေးနားမလည် အနောက်ဘက်မှာ လူတချို့ အပြေးလိုက်လာကြတာကိုတော့ မြင်နေရသည်။

"ဟေ့ကောင် မင်း သတ္တိမရှိဘူးလား ရပ်စမ်း" ဟု အော်နေသံလည်းကြား

mgyoe.com

mgyoe.com

နေရသည် ။

အခြေအနေကို ရိပ်မိသွားတော့ ဝါထွေး သူ့လက်ကို ပြန်ဆွဲပြီး ဝါထွေး အလည်သွားနေကျ ပြွတ်သိပ်နေသည့် နတ်ကနား ဆိုင်တန်းလေးတွေထဲက တစ်ခု ဆီကို ဦးတည်ပြီး ပြေးဝင်လိုက်သည်။ အဲဒီဆိုင်လေး အနောက်ပေါက်နေ ပြန်ထွက် လိုက်ပြီး ဘေးနှစ်ခန်းကျော်က လေးလေးတင်ရဲ့ နတ်နန်းထဲသို့ တစ်ဖန် ပြေးဝင်လိုက် ပါသည်။ လေးလေးတင်က ဒေါ်လေးပြုံးရဲ့ ငယ်သူငယ်ချင်းမို့ ဝါထွေး ငယ်ငယ် ကတည်းက အမြဲရောက်နေကျ နတ်နန်းဖြစ်၏။ လေးလေးတင်ကတော့ ဝါထွေးကို မမြင်။ လေးလေးတင်ကို နတ်မေးနေသည့် ပရိသတ်တွေနှင့် မိတ်ကပ်ထူထူလိမ်းကာ အလှပြင်ထားသော မိန်းမလျာအချို့ကတော့ ဝါထွေးတို့ကို အံ့အားသင့်စွာ လှမ်း ကြည့်နေကြသည်။

"ဟော့တော့ ဝါထွေး  ဘာလိုလို့လဲ"

လေးလေးတင် အကူခေါ်ထားသော မိန်းမလျာလေး တာတာက ကောင် လေးကို ငေးရင်း ဝါထွေးကို တအံ့တသြမေးသည် ။

"ဟို... အိမ်သာ... အိမ်သာ ဝင်ချင်လို့တဲ့ သူက"

အရိပ်အကဲသိသော တာတာက အတွင်းခန်းထဲသို့ ခေါ်သွားပေးသည်။ ထိုအချိန်ကြမှ ဝါထွေးတို့ တွဲထားသောလက်ကို လွှတ်လိုက်တော့သည်။ ဝါထွေး လက်ကောက်ဝတ်လေးပင် နာကျင်ချင်ဖြစ်နေတာကိုလည်း သတိထားမိတော့သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျ၊ အုပ်စုလိုက် ရန်ဖြစ်ကြတာ၊ သူတို့ဘက်က တုတ်တွေနဲ့ရိုက်တော့ အစ်ကိုတွေလည်း တော်တော်ကွဲသွားကြတယ်၊ ဒါနဲ့ကျွန်တော် လည်း လွတ်အောင်ပြေးရင်း ပွဲတော်ထဲကနေ ရွာဘက်ကို မထွက်တတ်တော့ဘူး"

တာတာနှင့် ဝါထွေးကို အလျင်အမြန် ရှင်းပြရင်း သူ့ခမျာ အသက်ကို မောမောပန်းပန်း ခပ်မြန်မြန်ရှူနေပြန်သည်။

ယဉ်ယဉ်ကျေးကျေး ရှင်းပြနေသောသူ့ကို တာတာကလည်း သဘောကျစွာ ပြုံးစစကြည့်ရင်း ရေတစ်ခွက် အရင်ခပ်ပေးသည်။

"ဖိနပ်...တာတာ....ဖိနပ်အပိုရှိရင် ပေးလိုက်ပါဦး"

ဖိနပ်ကိစ္စပြောရင်း သူ့ရဲ့ အရပ်ရှည်ကြီးကို သေသေချာချာ မော့ကြည့် တော့ နှုတ်ခမ်းစပ်မှာ သွေးစတွေနဲ့။ လည်ပင်းဘေးနားက မှဲ့အညိုလေးကိုလည်း ဝါထွေး မြင်ဖြစ်အောင် မြင်လိုက်သေးသည် ။

"နင် ဆေးရော ထည့်ဦးမလား"

mgyoe.com